# ရွှေအဖျားရောဂါ




By C.Peter Van Gorder

*မကြာသေးမီအချိန်ကာလအတွင်း ကျွန်တော်နှင့် ဇနီးသည်တို့နှစ်ဦး ဩစတေးလျနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ခဲ့ကြရာမှာ ဗစ်တိုးရီးယားပြည်နယ်၊ ဘယ်လာရပ်မြို့အနီး စွန့်ပစ်ထားသော ရွှေတွင်းတစ်တွင်းရှိရာသို့ ပို့ဆောင်ခဲ့သည့် အုံ့ဩဖွယ်ရာ ခရီးစဉ်နှင့် ညှော်ဝတ်ပြုခြင်းကို ခံခဲ့ရသည်။ မည် သို့သော လျှို့ဝှက်ချက်များနှင့် ရင်နာစရာများ ထိုမြို့တွင် ရှိနေခဲ့ပါသနည်း။ အထူးသဖြင့်လူတစ်ဦး ဖြတ်သန်းခဲ့ရသော စုံစမ်းစစ်ဆေးခြင်းများနှင့် အောင်မြင်မှုများက ကျွန်တော့်ကို စကားပြောခဲ့ပါသည်။ ဂျက်မက္ကောလေး၏ အကြောင်းက အောက်ဖော်ပြပါအတိုင်းပင်ဖြစ်သည်။*

"မေရီရေ . . တို့လုပ်ငန်းကိုရောင်းပြီး ချမ်းသာအောင်လုပ်ဖို့ ဩစတေးလျနိုင်ငံမှာရှိတဲ့ ရွှေတူးဖော်တဲ့နေရာတွေဆီ သွားဘို့ ဆုံးဖြတ်လိုက်ပြီ"

"မွဲအောင်လုပ်ဖို့ ရှင်ဆိုလိုတာလား၊ ဒီမှာ . . ဂျက်မက္ကောလေး၊ ကျွန်မနဲ့ကလေးတွေ ငတ်မွဲအချိန်မှာ ရှင့်လို စိတ်ကူးယဉ်အိပ်မက်တွေ မမက်နိုင်ဘူး။"

"ဒီမှာ. . . မင်းငါ့ကို သွားလုပ်ခွင့်ပေး၊ တကယ်လို့ ဘာမှမတွေ့ခဲ့ဘူးဆိုရင် ဆောင်းဦးမပေါက်ခင် ငါပြန်လာခဲ့မယ်။ ဒါကို ငါကတိပေးပါတယ်။"

သူ့ဇနီး၏ ကန့်ကွက်ပြောဆိုသံများကြားမှပင် ၁၈၄၀ ခုနှစ်အတွင်း ဝေလနယ်မှ ဩစတေးလျနိုင်ငံ မဲ(လ)ဘုန်းမြို့သို့သွားရန် တတိယတန်းစား ခရီးသွားလက်မှတ်ဝယ်ဖို့ သူ့ကျောက်မီးသွေးတင်လှည်း၊ သူ့ကိုယ်ပိုင်လမ်းကြောင်း၊ သူ့အဖိုးနာရီဟောင်းတို့အပြင် အခြားမိသားစုပိုင် ဘိုးဘွားစဉ်ဆက် ပစ္စည်းများကို ရောင်းပစ်ခဲ့သည်။

ခက်ခဲကြမ်းတမ်းလှပြီး ကြာမြင့်လှသော သမုဒ္ဒရာ လမ်းခရီးအပြီးမှာ ဘယ်လာရပ်မှ ရွှေတူးဖော်သည့်နေရာများရှိရာသို့ အဖုအထစ်များလှသည့် မြင်းရထားခရီးဖြင့် သွားရပြန်သည်။ ထိုနေရာရောက်မှပင် လူများရွှေနှင့်ပတ်သက်၍ မည်မျှ အရူးအမူးဖြစ်နေကြကြောင်းကို တွေ့မြင်ရ၍ သူအထိတ်တလန့် ဖြစ်သွားခဲ့ရသည်။ မိမိတို့၏ စီးပွါးချမ်းသာကို တွေ့ရနိုးနိုးဖြင့် လူများသည် မြို့၏ လမ်းများ၌ပင်လျှင် တူးဖော်နေကြသည်။ ရွှေကို တူးဖော်တွေ့ရှိကြပြန်လျှင်လည်း သောက်စားပျော်ပါးမှုနှင့် လောင်းကစားများနှင့်သာ သူတို့၏ ငွေကို ဖြုန်းပစ်ကြသောကြောင့် ရက်အနည်းငယ်အတွင်း ပြန်၍ ဆင်းရဲဒုက္ခ ရောက်သွားရပြန်သည်။

မိမိအနေနှင့် ဤသို့မဖြစ်စေရဟု ဂျက်က အခိုင်အမာ ဆုံးဖြတ်ထားခဲ့သည်။ ဘယ်နည်းနှင့်မျှ ဤသို့ အဖြစ်မခံနိုင်ပါ။ ထို့ကြောင့် မိမိလက်ထဲတွင် ကျန်နေသည့် ငွေစအနည်းငယ်ဖြင့် မိုင်းတူးလိုင်စင်၊ အစားအသောက်၊ အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် အခြားလိုအပ်မည့်အရာများကို ဝယ်လိုက်သည်။ ထိုနောက် သူ့အတွက် ရှေးအလားအလာရှိရာအရပ်သို့ ခရီးစတင်ထွက်ခွါတော့သည်။

တစ်ရက်မှတစ်ပတ် ထိုမှ တစ်လပြီးတစ်လကြာခဲ့ရာ နေ့စဉ်ဆိုသလို သူက သူ့တူးဖော်ရာအကွက်ဆီသို့ ပြန်သွားခါ လှိုဏ်ခေါင်းတူးနေသော ပွေးတစ်ကောင်ကဲ့သို့ မြေကြီး၏ ဝမ်းခေါင်းထဲသို့ တူးဖော်လျက် ရှိနေခဲ့သည်။ ဂျက်၏ ဦးခေါင်းထဲတွင် တစ်ခုတည်းသော အကြောင်းအရာက နေရာယူထားခဲ့သည်။ ထိုအရာက "ရွှေ"။ သို့သော်လည်း ရွှေကို သူမတွေ့ခဲ့ပါ။ ထိုအရာအစား သူတွေ့ခဲ့ရသည်က ဆာလောင်မှု၊ ပေါက်–ပြဲ နေခဲ့သောလက်များ၊ နာကျင်ကိုက်ခဲနေသည့် ကြွက်သားများနှင့် ဆောက်တည်ရာမရ အနေအထားသို့ တဖြေးဖြေး ကြီးထွားလာခဲ့သော စိတ်ပျက်လက်ပျက်ဖြစ်လာခဲ့ခြင်းများပင်ဖြစ်သည်။

တစ်နေ့တာ လုပ်ငန်းများအပြီး သူ၏ ခုတင်လေးပေါ် လှဲနေခဲ့စဉ် သူ့စိတ်ကူးများက မေရီထံသို့ ရောက်သွားခဲ့ပြန်သည်။ သူမ၏ ခွေလိပ်နေသော ဆံပင်များနှင့် ဓါတ်ပုံက အိပ်ယာမဝင်မီနှင့် နံနက်အိပ်ယာမှထချိန် သူနောက်ဆုံးနှင့် ပထမဆုံး မြင်ရသည့် အရာပင်ဖြစ်ခဲ့သည်။

နံနက်တိုင်း သူ့အနေဖြင့် ဒုတိယမြင်ရသောအရာက သူနှင့် တဲတစ်လုံးထဲ အတူနေထိုင်ကြသည့် ဝေလနယ်သားလည်းဖြစ်သော ဘရိုင်ယန်အမည်ရှိ လူကြမ်းကြီးတစ်ဦးပင်ဖြစ်သည်။ အချို့က ၎င်းကို 'ထုထောင်းသူ'ဟုလည်း ခေါ်ကြရာ သူက ထိုအမည်ကို ကြေးစားလက်ဝှေ့ချန်ပီယံဘဝဖြစ်ခဲ့စဉ် ရရှိခဲ့ခြင်းဖြစ်သည်။ သူ၏ အရပ်အမောင်းက ခြောက်ပေငါးလက်မရှိရာ မြင့်မားလှသည့်အပြင် သူ့လက်သီးက ထန်းသီးပမာ ကြီးမားလှသည်။

သူ၏ ဘဝအသက်တာပေါ် အမြင်ကို ပြောင်းလဲပစ်လိုက်သော ထိုးသတ်ပွဲတစ်ပွဲမတိုင်မီထိ လူတိုင်းက သူ့ကို မည်သူမျှ အနိုင်မသတ် နိုင်ဟု ယူဆထားခဲ့ကြသည်။ ယခင်က သူသည် ဘဝင်မြင့်ကာ တစ်ချိန်လုံး မျက်နှာကြောတင်းတင်းနှင့် ဆဲဆိုကြမ်းမောင်းလျက် ရှိနေခဲ့ရာ မည်သူတစ်ဦးတစ်ယောက်အပေါ်မျှ အကြင်နာစကားတစ်ခွန်း မဆိုခဲ့ဘူးပေ။ သို့သော်ထိုညတွင် စိတ်ကူးဖြင့်ပင် စဉ်းစား၍မရနိုင်သောအခြင်းအရာတစ်ခုဖြစ်ခဲ့သည်။ သူသတိမေ့အောင် အလဲထိုးခံလိုက်ရပါသည်။ ရက်သတ္တပတ်ပေါင်းများစွာ အိပ်ယာထဲသတိရတစ်ချက် မရတစ်ချက်ဖြင့် ပြန်လည်နေကောင်းလာရန် ရုန်းကန်ကြိုးစားခဲ့ရသည်။ သူ၏ အိပ်မက်နှင့်တူသော အနေအထားတစ်ရပ်အဆုံးတွင် အလင်းရောင်ရှိသော လှိုဏ်ဂူကြီးတစ်ခုအတွင်း သူသွားနေခဲ့ရာ ကောင်းကင်တမန်တစ်ပါးနှင့် ဆုံခဲ့ရပြီး ထိုကောင်းကင်တမန်က သူ့ဘဝအသက်တာတစ်လျှောက်လုံး ပြုလုပ်ခဲ့သော အရာများကို သူ့အား ပြသပြီး ကမ္ဘာမြေသို့ပြန်ရန် သို့မဟုတ် လက်မြောက်အရှုံးပေးလျက်သေရန် ရွေးချယ်ခိုင်းခဲ့ရာ သူက အသက်ရှင်ရန် ရွေးချယ်ခဲ့သည်။

ထိုအဖြစ်အပျက်က သူ့ကို အသစ်တဖန်ပြန်လည်ဖြစ်စေခဲ့ရာ သူ့ယခင်အပေါင်းအသင်းများပင်လျှင် သူ့ကို မမှတ်မိနိုင်တော့။ အကယ်၍သာ သူ့အိပ်ယာဘေးတွင် သူ့ကို ဒူးထောက်ခါကလေးငယ်တစ်ဦးသဖွယ် ဆုတောင်းလျက်ရှိနေသည်ကို သူတို့ မြင်နိုင်ခဲ့လျှင် မည်သို့ ပြောကြ

မည်နည်း။" ဆက်လက် ထိုးသတ်လိုစိတ်မရှိတော့သောကြောင့် သူ၏ ဘဝအသက်တာသစ်ကို အစ ပြုရန်အတွက် ရွှေတူးဖော်ရာအရပ်ဒေသသို့ သူခရီးထွက်လာခဲ့သည်။

ဂျက်က သူ၏ နံနက်စာကိုပြင်ဆင်ရန် သူ့အစားအသောက်ထည့်ထားသောကြောင်အိမ်ဆီသို့ လျှောက်သွားလျက် အထဲတွင် ဘာမျှမရှိကြောင်းတွေ့ရသောအခါ သူ့အဖော်ဘက်သို့ လှည့်လိုက်ပြီး "ဘရိုင်ယန်. . . မနက်ဖြန် ငါ့ပစ္စည်းတွေ ထုတ်ရောင်းပြီး ဒီနေရာက ငါထွက်တော့မယ်။ ဝေလနယ်အထိ ပြန်ဖို့လက်မှတ်အတွက် ငွေအလုံအလောက် ငါ့မှာ မရှိပေမဲ့ မဲ(လ)ဘုန်းမှာတော့ တနည်းနည်းနဲ့ ငါအလုပ်တစ်ခုခုရှာမယ်။ ပြီးရင် သိပ်လှတဲ့ ငါ့မိန်းမနဲ့ချစ်စရာကောင်းလှတဲ့ ငါ့ကလေးတွေဆီပြန်မယ်။ ဒီသလင်းကျောက်မျှင်တွေ ငါ့အဆုတ်တွေကို ဖျက်ဆီးပြီး ငါ့ကို ကယ်ဘို့ ဘာမှမကျန်တော့တဲ့ အခြေအနေထိ ဖြစ်မလာခင် ငါသွားရလိမ့်မယ်"။

"အရှုံးမပေးနဲ့ဂျက်. . . ရွှေအဖျားရောဂါက မင်းကို ဖမ်းစားထားတာ၊ မင်းအလျှော့မပေးဘူးဆိုရင် ဘုရားရှင်က မင်းရဲ့ အိပ်မက်တွေ အကောင်အထည်ပေါ်လာအောင် ကူညီမစလိမ့်မယ်"။

"ဒီလိုလုပတဲ့စကားတွေကို ကြားရတာ အတော်လေးကောင်းပါတယ်။ ဒါပေမဲ့ ဒီလိုအဖျားရောဂါမျိုးတောင်မှ သူ့ရဲ့နောက်ဆုံးပြောင်းဖူး ဘီစကွပ်နဲ့ ကော်ဖီရေကြိုသာ ကျန်တော့တဲ့လူကို ဆက်အလုပ်လုပ်ဖို့ ဆွဲမထားနိုင်တော့ဘူး။ ငါဒီအလုပ်ကို ဆက်လုပ်လို့ မရတော့ဘူး။ တအား ပင်ပန်းတယ်ကွာ။"

"အစာမစားဘဲ အလုပ်လုပ်ဖို့ မင်းကို ဘယ်သူမှ မခိုင်းပါဘူး။ ငါမှာ ရိက္ခာနည်းနည်းကျန်သေးတယ်။ များများစားစားတော့မဟုတ်ဘူး။ ဒါပေမဲ့ . . . ဒီမှာ . . . မင်းအတွက် နောက် တစ်ရက်ဖြတ်သန်းဖို့ လုံလောက်တယ်။ လောလောဆယ် အရှုံးမပေးလိုက်နဲ့အုံး။ မနက်ဖြန်က မင်းအတွက် ဖြစ်ချင်ဖြစ်နေမယ်။ စောင့်ပြီးသာကြည့်၊ တစ်ရက်လောက်ဘဲ ထပ်ကြိုးစားကြည့်"။

"မင်းရဲ့အစာတွေကို ငါမယူနိုင်ဘူး။ ယူလိုက်ရင် မင်းဘာဆက်လုပ်မလဲ?"

"ဒီသံနဲ့ဆင်ထားတဲ့ ဝမ်းဗိုက်အတွက် နောက်ထပ်တစ်ရက်ဆိုတာ ဘာမှ မထူးခြားဘူး။ ရွှေတွေ့အောင်သာရှာပါ။ အဲဒီအခါကျမှ ပြန်ပေးပေါ့။ မင်းက အတိုးပါ ပေးချင်တယ်ဆိုလည်း ရတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် အလှူသဘောမသက်ရောက်ဘူးပေါ့။ တစ်ရက်လောက် ထပ်ကြိုးစားရုံနဲ့ တကယ်မနစ်နာသွားပါဘူး"ဟု ဂျက်က ဝန်ခံပြောခဲ့သည်။

" ကဲ မင်းပြောတာ အဓိပ္ပါယ်ရှိလာပြီ... လာငါနဲ့အတူတူ ဆုတောင်းရအောင်။ ဒူးထောက်ပြီး စိတ်နှလုံးတံခါးဖွင့် ဆုတောင်းကြရအောင်။"

ဤစိတ်ကူးတစ်ခုလုံးနှင့်ပတ်သက်၍ ဂျက်အဖို့ အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွားသော်လည်း မိမိမာနကို ချိုးနှိမ်ပြီး သူပြောသည့်အတိုင်း လုပ်ဖြစ်ခဲ့သည်။ "ဒါပေမဲ့ . . . ဘယ်လိုဆုတောင်းရမှန်း ငါမသိဘူးကွ" ဂျက်က အထစ်ထစ်အငေါ့ငေါ့နှင့်ပြောသည်။

ဒါက ပြဿနာမရှိပါဘူး။ ငါတို့နှစ်ယောက်အတွက် ဆုတောင်းခဲ့တဲ့အလေ့အထ ငါ့မှာ ရှိနေခဲ့တယ်။" ဘရိုင်ယန်က ပြောပြီး မျက်စိမှိတ်ခါ စတင် ဆုတောင်းတော့သည်။ " ကိုယ်တော်. . . ကျွန်တော်တို့ ကိုယ်တော့်ထံမှ ကူညီစောင်မမှုကို လို၍ လာခဲ့ပါတယ်။ ကျွန်တော်၏ သူငယ်ချင်း ဂျက်မကျော့လေးအကြောင်းမလှသောကြောင့် ကိုယ်တော့်ထံမှ ထူးဆန်းအံ့ဩဖွယ်ရာအမှုသူ့အတွက် လိုအပ်ပါတယ်။ ကမ္ဘာမြေပေါ် ကိုယ်တော်လမ်းလျှောက်ခဲ့စဉ်က ကိုယ်တော် အထူးတလည်ပြုခဲ့သည့် အမှုအရာမျိုးဆိုတာကို ကိုယ်တော်သိပါတယ်။ ကိုယ်တော်၏ တပည့်တော်များကို ရေအိုင်ထဲမှငါးကို ဖမ်းခိုင်းပြီး ငါး၏ ပါးစပ်ထဲမှာ ရွှေဒင်္ဂါးကို တွေ့ရတဲ့အဖြစ်မျိုး လိုချင်ပါတယ်။ ကျွန်တော်တို့ မနက်ဖြန် ထိုကဲ့သို့သော ထူးဆန်းဖွယ်ရာကောင်းသည့် အမှုတစ်ခုကိုလိုအပ်ပါတယ်။ "

"ကိုယ်တော် မြင်တဲ့အတိုင်းပါဘဲ။ ဂျက်က သူ့မိန်းမနဲ့ကလေးတွေကိုထားခဲ့ပြီး ရွှေရှာဖို့ ဒီနေရာကို လာခဲ့ပါတယ်။ သို့မှသာ သူ့ကလေးများက ဆာလောင် မွတ်သိတ်မှုဒဏ်ကို မခံစားရဘဲ၊ အိမ်ခေါင်မိုးကလည်း မိုးမယိုဘဲ ပိုမိုကောင်းမွန်တဲ့ဘဝကို ရကြမှာ ဖြစ်ပါတယ်။ မနက်ဖြန် ရွှေကို ရှာဖွေတွေ့ရှိဘို့ ကိုယ်တော်မစပါ။ ဒီလိုမဟုတ်ခဲ့ရင် သူ ဒုက္ခလှလှကြီး တွေ့ရမှာ ဖြစ်ပါတယ်"။

"ဟုတ်ပါတယ်၊ ဒါအားလုံးပါဘဲ၊ ကျွန်တော်တို့ဟာ ကိုယ်တော့်ပေါ် အားကိုးပြီး ကိုယ်တော် ကျွန်တော်တို့ကို တာဝန်ယူမယ်လို့ ကတိပေးထားတဲ့အတိုင်း တာဝန်ယူလိမ့်မယ်ဆိုတာကို ကျွန်တော်တို့ သိပါတယ်။ ကိုယ်တော်ကို အနှုးအညွတ် ကျေးဇူးတင်ပါတယ်။ အာမင်။

နံနက်စောစော ဂျက်တစ်ယောက် လွန်ခဲ့သော သုံးလခန့်ကစပြီး နေ့စဉ်ရက်ဆက်ဆိုသလို သူပြုနေကျအတိုင်း ရွှေတူးဖော်ရာနေရာသို့ ထွက်လာခဲ့သည်။ ဒါက နောက်ထပ်တစ်နေ့သာဖြစ်ပြီး သူ့ရဲ့နောက်ဆုံးနေ့ဟု သူထင်ခဲ့သည်။ စိတ်ထဲမှလည်း . . ."ဘရိုင်ယန်ကို လိုက်လျော်ပြီး ငါတစ်ရက် ထပ်တူးလိုက်မယ်။ သူက ငါ့အတွက် ဆုတောင်းလှလှလေးတောင်းပေးပြီး သူ့နောက်ဆုံး အစာကို ငါ့ပေးပြီး ဒုက္ခခံခဲ့တယ်။ ဒါကြောင့် အနည်းဆုံးတော့ ငါကြိုးစားခဲ့တယ်ဆိုတာကို ပြနိုင်တာပေါ့"။

ထိုနံနက်ခင်းတွင် ထူးထူးခြားခြား ဘာမျှ မဖြစ်ခဲ့ပါ။ သူက အလျှော့ပေးတော့မည့်ဆဲဆဲတွင် သူ့မျက်လုံးက တောက်ပဝင်းလက်သည့် အရာတစ်ခုကို သတိပြုမိလိုက်သည်။ ထိုအရာကို ပေါက်ချွန်းဖြင့် လှန်ကြည့်လိုက်သည်။ ဒါဖြစ်နိုင်ပါ့မလား?၊ ထိုအရာ၏ ဂုဏ်ကျက်သရေကို ဖုံးကွယ်ထားသော မြေမှုန့်များကို ပွတ်ထုတ်ပစ်လိုက်ရာ . . . ဟုတ်ပါသည်။ ယင်းက ပန်းသီးအရွယ် ပမာဏရှိသော ရွှေတုံးတစ်တုံး။

သူချမ်းသာခဲ့ပြီ။ ထိုနေ့တစ်နေ့လုံး အော်လိုက်ဟစ်လိုက်ဖြင့် အခြားမည်သည့်အရာကိုမျှ မလုပ်နိုင်လောက်အောင် စိတ်လှုပ်ရှားနေခဲ့သော်လည်း နောက်တစ်နေ့တွင် သူ၏ ဇနီးသည်ထံ သတင်းကောင်းကို ကြေးနန်းရိုက်ပို့လိုက်ရာ သူမကလည်း မီးရထားဘော်ဖြင့် ကလေးငယ်များနှင့်အတူ ရောက်ရှိလာခဲ့သည်။ သူတွေ့ရှိခဲ့သော ရွှေအားဖြင့် သူတို့ ဇနီးမောင်နှံက အထွေထွေ စားသောက်ကုန် အရောင်းဆိုင်တစ်ဆိုင် ဖွင့်ခဲ့သည်။ မြို့ထဲတွင် ဖွင့်သောဆိုင်ကို "ရွှေကြမ်းပိုး"ဟု ခေါ်တွင်ပြီး အလွန်ကြီးပွား တိုးတက်ခဲ့ရာ "ထုထောင်းသူ" ဘရိုင်ယန်က သူတို့၏ဆိုင် မန်နေဂျာဖြစ်ခဲ့သည်။

ထို့ကြောင့် မိမိဘာမျှမတတ်နိုင်တော့သည့် အခြေအနေ ရောက်လာသည့်တိုင် လက်မြှောက်အရှုံးမပေးပါနှင့်။ ဘုရားသခင်ကိုသာ မျှော်ကြည့်ပါ။ သူ့နောက်သို့သာလိုက်ပါ။ သို့ပြုလျှင် မုန်တိုင်းက လွန်သွားပေလိမ့်မည်။ သက်တန့်ပေါ်လာသောအခါ သူ့ကို အမှီပြုရခြင်းအပေါ် သင်ဝမ်းမြောက်ရလိမ့်မည်။ ထို့ပြင် ဘရိုင်ယန်က ဂျက်အတွက် ပြုခဲ့သည့်နည်းတူ လိုအပ်လျက်ရှိသော သူတစ်ဦးကို သင်လက်လှမ်းခဲ့လျှင်လည်း သင့်ကို ထိုအခြင်းအရာအတွက်လည်း ဘုရားရှင်က ဆုချမည်သာဖြစ်သည်။

သို့သော် သင်က " ဂျက် – ရွှေကို ရှာဖွေတွေ့ရှိခဲ့သလို ကျွန်တော် ဘယ်တော့မှ မတွေ့နိုင်ဘူး"ဟု သင်ဆိုမိမည်။ သင်ကြည့်မည်ဆိုလျှင် ရွှေထက် အဖိုးထိုက်သောအရာကို သင်ရှာဖွေတွေ့ရှိနိုင်ပါသည်။ သမ္မာကျမ်းစာက ကျွန်တော်တို့ကို ယခုလို သွန်သင်ထားသည်။ "ရွှေကို ရတတ်ခြင်းထက် ပညာကို ရတတ်ခြင်းသည် အလွန်ကောင်း၏။ ငွေကို အမြတ်မထား၊ ဉာဏ်နှင့်ပြည့်စုံခြင်းကို အမြတ်ထားစရာ အလွန်ကောင်း၏" သုတ္တံ ၁၆း၁၆။ ဘုရားသခင်၏ ရွှေကိုရှာပါ။ ထိုအခါ သင်ဘယ်သောအခါမျှ မမျှော်လင့်ထားခဲ့သောနေရာတွင် ရတနာများကို တွေ့ရှိရလိမ့်မည်။